Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
# Forum for Democracy in Burma

## မြန်မာနိုင်ငံအမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် (MNDAA) အပေါ် နအဖ စစ်အစိုးရမှ စွက်ဖက်ဖြိုခွဲပြီးထိုးစစ်ဆင်နေသည့် လုပ်ရပ်များနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ချက်

မြန်မာနိုင်ငံအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) နှင့် ကိုးကန့်ပြည်သူများအပေါ် နအဖ စစ်အစိုးရ၏ စနစ်တကျ စွက်ဖက်ဖြိုခွဲပြီး ထိုးစစ်ဆင်တိုက်ခိုက်နေသည့် လုပ်ရပ်များကို မိမိတို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလိုက်ပါသည်။

မြန်မာနိုင်ငံအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) အပါအဝင် အပစ်အခတ်ရပ်စဲထားသော အင်အားစုများသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ အပြန်အလှန်အသိအမှတ်ပြုပြီး အပြန်အလှန်လေးစားမှုရှိစွာ ဖြေရှင်းကြရန် နအဖ စစ်အစိုးရကို အကြိမ်ကြိမ် ကမ်းလှမ်းခဲ့ပါသည်။ ဤအဖွဲ့အစည်းများ၏ဆန္ဒမှာ မိမိအမျိုးသားတို့၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖြေရှင်းနိုင်ခွင့်၊ အမျိုးသားတန်းတူခွင့်နှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို ပိုင်ဆိုင်ရယူခွင့်၊ ထာဝရငြိမ်းချမ်းရေးနှင့် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး တို့ဖြစ်ပါ သည်။

တန်းတူမှုရှိမှ သွေးစည်းမှုရှိမည်။ သွေးစည်းမှုရှိမှ ငြိမ်းချမ်းမှုရှိမည်။ ငြိမ်းချမ်းမှုရှိမှ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်မည်ဆိုသည်ကို ဤအဖွဲ့အစည်းများကအလေးအနက် ယုံကြည်ကြပါသည်။

နအဖ စစ်အုပ်စုသည် စစ်အာဏာရှင်စနစ် ခိုင်မာကြီးထွားရေးနှင့် လူမျိုးစုံမြန်မာပြည်သူတို့အပေါ် စစ်ကျွန်ပြုရေးတို့ကိုသာ အာရုံထားပြီး အပစ်ရပ်အင်အားစုများနှင့် ဒေသခံပြည်သူတို့တင်ပြတောင်းဆိုချက်များကို တောက်လျှောက်မျက်ကွယ်ပြုခဲ့သည်။ လူမျိုးစုံပြည်သူများ၏ဆန္ဒကို လစ်လျူရှုထားပြီး စစ်အာဏာရှင်စနစ် တည်တံ့ခိုင်မြဲစေမည့် ၂၀၀၈ အခြေခံဥပဒေ အသက်သွင်းရေးကိုသာ တစိုက်မတ်မတ် ဦးတည်လုပ်ဆောင်လျှက် နှစ်ပေါင်း ၅၀ ကျော် တော်လှန်စစ်ဆင်နွဲနေသော တော်လှန်သည့် တပ်မတော်များကို နယ်ခြားစောင့်တပ်အဖြစ်၊ ပြည်သူ့စစ်အဖွဲ့ငယ်များအဖြစ်၊ ရဲအသွင်ပြောင်းအဖြစ် သိက္ခာချပစ်သည့် တောင်းဆိုမှုများကိုသာ တစိုက်မတ်မတ်ပြုလုပ်ခဲ့ပါသည်။ နအဖ စစ်အစိုးရ၏ ထိုတောင်းဆိုချက်များကို ပြတ်ပြတ်သားသား ငြင်းဆိုသည့်အတွက် အကြောင်းရမယ်ရှာကာ ယနေ့ဆိုလျှင် ထိုးခွဲပစ်ရုံသာမက ထိုးစစ်ဆင်တိုက်ခိုက်သည့်အဆင့်သို့ ရောက်ရှိလာပြီဖြစ်သည်။

ဤသို့ စွက်ဖက်ဗိုလ်ကျပြီး အမျိုးသားများအတွင်း ညီညွတ်ရေးကို နည်းသဏ္ဍာန်အမျိုးမျိုးဖြင့် ထိုးခွဲနေသည့် ကိစ္စများအား မည်သည့်အမျိုးသား၊ မည်သည့် တော်လှန်သည့်တပ်မတော်ကမျှ ငုံ့ခံနေလိမ့်မည် မဟုတ်ပါ။

နအဖ စစ်အစိုးရအနေဖြင့်

(၁) ထိုးစစ်ဆင်တိုက်ခိုက်နေမှုများကို ချက်ချင်းရပ်တန့်ပစ်ရန်၊

(၂) အမျိုးသားများအကြား စွက်ဖက်သွေးခွဲနေသည့် လုပ်ရပ်များကို ချက်ချင်းရပ်ဆိုင်းပစ်ရန်၊

(၃) အမျိုးသားတိုင်း၏ အမျိုးသားတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တောင်းဆိုချက်များကို အလေးအနက်ထားပြီး ယခုဖြစ်ပေါ် နေသည့် အရင်းခံအကြောင်းရင်းကို ငြိမ်းချမ်းစွာ အမြန်ဆုံးဖြေရှင်းရန်၊

မိမိတို့အင်အားစုမှ အလေးအနက်တောင်းဆိုလိုက်ပါသည်။

ဤတောင်းဆိုချက်များကို လစ်လျူရှုပြီး ဆက်လက်အကြမ်းဖက် ဖြိုခွဲနေဦးမည်ဆိုပါက ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို နအဖ စစ်အစိုးရကိုယ်တိုင် ရင်ဆိုင်ဖြေရှင်းရလိမ့်မည် ဖြစ်ကြောင်း သတိပေးလိုက်ပါသည်။

မူဝါဒရေးရာ ဦးဆောင်အဖွဲ့
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်

ဆက်သွယ်ရန်

| | |
|---|---|
| ကိုနိုင်အောင် | (၆၆) ၀၈၁ ၈၈၃၇ ၂၃၀ |
| ဦးကျော်ထက် | (၆၆) ၀၈၆ ၂၀၃၀ ၅၀၂ |
| ကိုငွေလင်း | (၆၆) ၀၈၁ ၄၇၅၉ ၂၂၃ |